ဗာတီကန်၏တရားဥပဒေရေးရာကိုအပြောင်းအလဲပြုလုပ်လိုက်သောရဟန်းမင်းကြီး

ရဟန်းမင်းကြီးဖရန်စစ်သည်ဗာတီကန်၏တရားဥပဒေရေးရာကိုအပြောင်းအလဲပြုလုပ်လိုက်ကြောင်းတနင်္လာနေ့ (မတ်လ ၁၆၊ ၂၀၂၀) ရက်နေ့ကကြေငြာခဲ့ပါသည်။
ဤသို့ပြုလုပ်ရခြင်းမှာဗာတီကန်ဆိုင်ရာတရားသူကြီးများအနေ
ဖြင့်ငွေကြေးဆိုင်ရာနှင့်ရာဇဝတ်မှုဆိုင်ရာများ၌အမှုစီရင်ချက်ချမှတ်ရာတွင်လွတ်လပ်စွာစီရင်ချမှတ်နိုင်ရန်ဖြစ်သည်။ ဤ ဥပဒေပြဌာန်းချက်အသစ် (CCCLI) ကိုရဟန်းမင်းကြီးက မတ်လ (၁၃၊ ၂၀၂၀) ရက်၊
သောကြာနေ့ကလက်မှတ်ရေးထိုး ခဲ့သည်။
တရားရေးကိုကိုင်တွယ်ရာတွင်လောကီရေးရာ၏လိုအပ်ချက်တစ်ခုမျှသာမဟုတ်။
ပါရမီကြီးသုံးပါးအနက်တရား
မျှတခြင်းသည်ပြည်နယ်တစ်ခုကဦးတည်နေသောတရားရေး၏အာဏာကိုမီးမောင်းထိုးပြခြင်းလည်းဖြစ်ပြီး၊
အချုပ် လည်းဖြစ်သည်။ ထို့ကြောင့်ဤအရေး၌ပါဝင်လုပ်ကိုင်သူများ၏ကိုယ်စွမ်းဉာဏ်စွမ်း၊
ရက်ရောမှုနှင့်တာဝန်ယူဆက်ကပ်မှု လိုအပ်ကြောင်း၊ ဤဥပဒေပြဌာန်းချက်အသစ်သည် (၁၉၂၉)
ခုနှစ်ကဗာတီကန်၏ဥပဒေပြဌာန်းချက်ကိုတရားဝင်အစား ထိုးလိုက်ခြင်းလည်းဖြစ်ကြောင်း၊
ထိုဥပဒေပြဌာန်းချက်သည် (၂၀၀၀) ခုနှစ်၌ပြင်ဆင်ခဲ့သောအခြေခံဥပဒေနှင့်ဆက်လက်
အသက်ဝင်နေခဲ့ကြောင်း၊ ဤသို့ပြုပြင်ပြောင်းလဲမှုသည်ဗာတီကန်၏တရားစီရင်ရေး၊
ဥပဒေစိုးမိုးရေး၌ပိုမိုထိရောက်စွာ လုပ်ကိုင်နိုင်ရန်၊
ဗာတီကန်ပြည်နယ်အားလည်းနိုင်ငံတကာအဖွဲ့အစည်းနှင့်ယှဉ်တွဲလုပ်ဆောင်နိုင်ရန်ဖြစ်ကြောင်း၊ ပြီးခဲ့သောဆယ်စုနှစ်များကဗာတီကန်၏စီးပွားရေး၊ ငွေကြေးနှင့်ရာဇဝတ်မှုနှင့်ဆိုင်သောအမှုများ၌
တရားဝင်ကိုင်တွယ်သော စနစ်သည်ပုံမှန်ပြုပြင်ပြောင်းလဲမှုပုံစံဖြင့်ခရီးဆက်နေခဲ့ရကြောင်း၊
ဤသို့ပြုလုပ်ရခြင်းမှာတိုင်ငံတကာ၏စံချိန်စံနှုန်းနှင့် ယှဉ်၍လုပ်ဆောင်ရသောကြောင့်ဖြစ်ကြောင်း၊
ယခုကဲ့သို့ပြုပြင်ပြောင်းလဲမှုလုပ်ရပ်သည်ဗာတီကန်အတွင်း၌တရားဥပဒေ
စိုးမိုးရေးအသက်ဝင်ရှင်သန်ရန်လိုအပ်ကြောင်း၊
ဤအကောင်းဖက်ကိုဦးတည်၍ဥပဒေကိုစဉ်ဆက်မပြတ်ပြုပြင်ပြောင်းလဲ
နေခြင်းနှင့်အတူအပြောင်းအလဲအနည်းငယ်ကိုမိတ်ဆက်ပေးလိုကြောင်း၊
ဤအပြောင်းအလဲသည်လည်းတရားဥပဒေပြု ရေးမဏ္ဍပ်သည်ပိုမိုထိရောက်စေရန်ရည်ရွယ်ကြောင်း၊
အသစ်ပြဌာန်းလိုက်သောဥပဒေသည်တရားသူကြီးများနှင့်ဥပဒေ
ပြုရေးအဖွဲ့များအားလွတ်လပ်စွာစီရင်နိုင်ရန်အကာအကွယ်ပေးထားကြောင်း၊
ထို့ကြောင့်ဗာတီကန်၏ဥပဒေပြုရေးသည် ရဟန်းမင်းကြီးအားသာသြဇာခံပြီး၊

မည်သည့်အဖွဲ့အစည်း၏လက်အောက်ခံမဟုတ်ကြောင်းပြသခြင်းဖြစ်ကြောင်းရဟန်း
မင်းကြီးကမိန့်ကြားခဲ့သည်။
ပြဋ္ဌာန်းချက်ဥပဒေ၏ပုဒ်ခွဲ (၂) ၌ တရားသူကြီးများသည် အမိသာသနာ၏ထုံးတမ်းစဉ်လာအရသာသနာ၏
အမြင့်အမူတော်ကိုခံယူထားသောရဟန်းမင်းကြီးအားသာတည်မှီနေရမည်။
ဥပဒေကိုဖော်ဆောင်ရာတွင်ပြဋ္ဌာန်းထား သည့်အတိုင်းသာစီရင်ဆုံးဖြတ်ရမည်။
ဥပဒေပြုသည့်အဖွဲ့သည်ဗာတီကန်တရားရုံးအတွက်ဥပဒေရေးရာဆိုင်ရာရဲများကို လည်းဖွဲ့စည်းပိုင်ခွင့်ရှိသည်။
လိုအပ်သောအသုံးစရိတ်ကိုလည်းလွှတ်လပ်စွာထုတ်ယူခွင့်ပြုထားသည်။ တရားသူကြီးများ
သည်တရားရေးဆိုင်ရာရဲများကိုတိုက်ရိုက်ကိုင်တွယ်ခွင့်ပြုထားသည်။
လိုအပ်သောအသုံးစရိတ်ကိုလည်းခွင့်ပြုနိုင်သည့်
ဘောင်အတွင်း၌ဖြစ်လျှင်အဖွဲ့အစည်းမှတိုက်ရိုက်တင်ပြတောင်းခံနိုင်သည်။
တရားရေးနှင့်ဆိုင်သောရဲ (ပြည်ထဲရေး) များသည်တရားဥပဒေစိုးမိုးရေးကဏ္ဍအောက်၌တိုက်ရိုက်ရှိပြီး၊
တရားသူ ကြီးချုပ်သည်လက်ထောင်နှစ်ဦးအထိထားရှိရမည်ဖြစ်ပြီး၊
တစ်ဦးမှာပေးအပ်သောတာဝန်ကိုအချိန်ပြည့်ထမ်းဆောင်ရ မည်ဖြစ်သည်။
လွှတ်လပ်သောတရားဥပဒေစိုးမိုးရေးကိုအပိုဒ် (၈) ကလည်းဆက်လက်ကာကွယ်ပေးထားသည်။ အပိုဒ် (၈)
အရတရားသူကြီးကိုရွေးချယ်ရာတွင်တကသိုလ်များမှာအနားယူသွားသောပါမောကများ၊
သို့မဟုတ်တာဝန်းထမ်း
ဆောင်ခဲသောကဏ္ဍအသီးသီး၌လုပ်ရည်ကိုင်ရည်ကြောင့်လူသိများသောဂျူရီလူကြီးများအားရွေးချယ်ခန့်ထား
သင့်သည်။ ဥပဒေရေးရာတာဝန်ခန့်အပ်မှုများကိုမူဗာတီကန်၏အတွင်းရေးမှူးကတာဝန်ယူရသည်။
သို့သော်အရပ်သားဝန်ထမ်းကို
ဗာတီကန်တရားရုံးတော်တွင်ခန့်အပ်ခြင်းကိုမူမလိုလားအပ်သောနောက်ဆက်တွဲကိစ္စများကြောင့်ပိုဒ်ခွဲ (၈)
ကခွင့်မပြု ထားပေ။
ရဟန်းမင်းကြီးသည်ယခုကဲ့သို့ပြုပြင်ရေးဆွဲခြင်းသည် (၁၉၈၇) ခုနှစ်၊ စိန့်ဂျွန်ပေါလ် (၂) ၏လက်ထက်၌ရေး
ဆွဲခဲ့သော (CXIX) ဥပဒေအချို့ကိုပယ်ဖျက်ခြင်း၊ ပြန်လည်အစားထိုးခြင်းဖြစ်သည်။
တရားဥပဒေစိုးမိုးရေးတွင်အမိ သာသနာတော်ကြီးဥပဒေ (ကာနွန်ဥပဒေ)
သည်လည်းအခရာကျသည်ထုတ်ဖော်လိုက်ခြင်းဖြစ်သည်။
ပြဋ္ဌာန်းလိုက်သောဥပဒေအသစ်သည်ဗာတီကန်၏အရပ်ဖက်ဥပဒေကိုချိန်ထိုးရေးဆွဲသောဥပဒေဖြစ်ပြီး၊
အမိသာ
သနာတော်ကြီး၏တရားစီရင်ရေးမဏ္ဍသည်ကာနွန်ဥပဒေအရအယူခံဝင်ရန်အမြင့်ဆုံးဖြစ်သည်ကိုပြသလိုက်ခြ
င်းဖြစ် သည်။ (၂၀၀၈) ကရဟန်းမင်းကြီးဘက်နေဒစ် (၁၆)

၏လက်ထက်ဥပြဌာန်းခဲ့သောဥပဒေကိုမှီငြမ်း၍သာသနာ၏ဥပဒေ
သည်ဥပဒေသများကိုနားလည်ရန်လိုအပ်ပြီး၊ ဗာတီကန်၏ဥပဒေကိုလည်းအသုံးပြုရမည်ဖြစ်ကြောင်း၊
ဤအရင်းအမြစ်
သည်တရားသူကြီးများအတွက်မှီငြမ်းလေ့လာစရာအလွန်တန်ဖိုးကြီးသောအချိပ်အဆက်ဖြစ်မည်ဟုမျှော်လင့်
ကြောင်း၊ ရဟန်းမင်းကြီးကမိန့်ကြားခဲ့သည်။

ဘာသာပြန်
ဖာသာရ်ကလဲမင့်အားသယ်

Photo Credit: silverfox999/Shutterstock